# ပြည်ထောင်စုမြန်မာနိုင်ငံတော်

# ၁၉၇၂ ခုနှစ်၊ စီးပွါးရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့်ဆောင်ရွက်မှုရည်မှန်းချက်များဆိုင်ရာဥပဒေ။

## [၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၆၊]

## (1.10.1972)

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

၁။ ။ (၁) ဤဥပဒေကို ၁၉၇၂ ခုနှစ်၊ စီးပွါးရေးစီမံကိန်း၏ထုတ်လုပ်မှုနှင့် ဆောင်ရွက်မှုရည်မှန်းချက်များ ဆိုင်ရာ ဥပဒေ ဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၇၂-၇၃ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အကျိုးသက်ရောက်ရမည်။

၂။ ။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ပထမအကြိမ် ညီလာခံကချမှတ် ပြဋ္ဌာန်းခဲ့သော ပြည်ထောင်စု မြန်မာနိုင်ငံစီးပွါးရေး စီမံကိန်းလမ်းညွှန်မှုများတွင်ပါရှိသည့် နှစ်ရှည်ရည်မှန်းချက်နှင့် ပထမလေးနှစ် စီမံကိန်း(၁၉၇၁-၇၂ မှ ၁၉၇၄-၇၅) ၏ ရည်မှန်းချက်များကိုရရှိစေရန်အလို့ငှါ၊ ပထမလေးနှစ် စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၁၉၇၂-၇၃ ခု၊ ဘဏ္ဍာရေးနှစ်တွင်အောက်ပါဇယားရှိ ကဏ္ဍအလိုက် ရည်မှန်းချက် များကို ရရှိနိုင်ရန်အတွက် ယင်းကဏ္ဍနှင့် တပြေးတည်းယှဉ်၍ ဖေါ်ပြသော အဖွဲ့အစည်းများက စပ်ဟပ် ညှိနှိုင်း၍ ဆောင်ရွက်အကောင်အထည် ဖေါ်ကြရမည်။

ဦးနေဝင်း၊

ဥက္ကဋ္ဌ

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ။

အမိန့်အရ

(ပုံ) ကိုကို

အတွင်းရေးမှူး

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ၁၉၇၂-၇၃ ခု၊ ဘဏ္ဍာရေးနှစ်အတွက်ရည်မှန်းချက်များ

Myanmar Law Information System (MLIS)